✓

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်ထောင်စုဝန်ကြီးရုံး
## အမိန့်ကြော်ငြာစာ

အမှတ်၊ ၇၆ / ၂၀၁၇

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်

(၂၀၁၇ ခုနှစ်၊ ဇူလိုင် လ ၂၆ ရက်)

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၃၁၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ် (၂) ပါလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရန်ကုန်စတော့အိပ်ချိန်းစာရင်းဝင် အများပိုင်ကုမ္ပဏီများအတွက် အောက်ပါအတိုင်းဝင်ငွေခွန် သက်သာခွင့်ပြုလိုက်သည် -

(က) စာရင်းဝင်ကုမ္ပဏီများအပေါ် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များ မနုတ်ပယ်မီ စုစုပေါင်းအသားတင်အမြတ်ဝင်ငွေအပေါ် ၂၀ % ဖြင့် ဝင်ငွေခွန်ထမ်းဆောင်ခွင့်၊

(ခ) စာရင်းဝင်ကုမ္ပဏီများအနေဖြင့် ယခင်က ဝင်ငွေခွန် အပြည့်အဝထမ်းဆောင်ရန်ပျက်ကွက်မှုရှိပါက ရန်ကုန်စတော့အိပ်ချိန်းသို့ စာရင်းဝင်သည့် ဘဏ္ဍာရေးနှစ်မတိုင်မီ ပြီးခဲ့သည့်ဘဏ္ဍာရေး (၂) နှစ်အတွက် ဝင်ငွေအမှန်ကိုဖော်ထုတ်၍ ကျသင့်ဝင်ငွေခွန်ပေးဆောင်ခွင့်နှင့် ဝင်ငွေခွန်ဥပဒေအရ ဒဏ်တပ်ရိုက်ခြင်းနှင့် တရားစွဲဆိုခြင်းတို့မှကင်းလွတ်ခွင့်၊

၂။ ဤအမိန့်ကြော်ငြာစာသည် ၂၀၁၇ - ၂၀၁၈ ဝင်ငွေနှစ်မှ စတင် အကျိုးသက်ရောက်စေရမည်။

ကျော်ဝင်း

ပြည်ထောင်စုဝန်ကြီး

-----------------------------၀၀၀-----------------------------

စာအမှတ်၊ စဘ/ဘဏ္ဍာ- ၁/ ၃ /၁ ( ၅၀၃၉/၂၀၁၇)

ရက် စွဲ ၊ ၂၀၁၇ ခုနှစ်၊ ဇူလိုင် လ ၂၆ ရက်

ဖြန့်ဝေခြင်း

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံးများအားလုံး

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

ပြည်တွင်းအခွန်များဦးစီးဌာန

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရှိ ကျန်ဌာနအဖွဲ့အစည်းများအားလုံး

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းသို့ မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

အမိန့်အရ

(signature)

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)

( မောင်မောင်ဝင်း၊ ဒုတိယဝန်ကြီး)

c:\users\admin\desktop\company notification.docx